

ကိန္နရီလာစဉ်
မင်းမြတ်သူရ
ပန်းချီ
အင်ဒီးယန်း
ရွှေလင်းယုန်

တစ်ညသ၌မြို့လေးတစ်မြို့ရှိကျားသုံးကောင်ဟု
အမည်တွင်သောစားသောက်ဆိုင်ကြီးတွင်လူများနှင့်
စည်ကားလေ၏။ကျားသုံးကောင်ဆိုင်ကြီးသည်အုတ်
ဖြင့်ပြုလုပ်ထားသောသုံးထပ်အဆောက်အအုံကြီးဖြစ်
၏။ထိုစားသောက်ဆိုင်ကြီး၏ပိုင်ရှင်မှာတရုတ်သူဌေး
ကျင်ဝှက်ဆိုသူဖြစ်၏။




သူသည်အလွန်အလှအပကြိုက်သူဖြစ်၏။ညသို့ရောက်သောအခါဆိုင်၏ပတ်ပတ်လည်
တွင်ရောင်စုံမီးများထွန်းညှိလေ၏။ကျားသုံးကောင်ဆိုင်ကြီး၏ဂုဏ်သတင်းသည်
တရုတ်သူဌေးကျင်ဝှက်၏အစီအမံကောင်းမှုကြောင့်အနီးအနားမြို့များသို့တိုင်ကျော်ကြား
၏။တရုတ်သူဌေးကျင်ဝှက်သည်ဆိုင်ကြီး၏အပေါ်ထပ်တွင်သီးခြားနေထိုင်၏။
အောက်ထပ်တွင်အရက်နှင့်စားသောက်ဖွယ်ရာများကိုရောင်းချပေး၏။ဆိုင်၏တတိယ
ထပ်တွင်တည်းခိုရန်အခန်းများရှိပြီးအပေါ်ထပ်တွင်မူချောမောလှပသောနတ်သမီးလေးများ
ကိုထားရှိလေ၏။




ဆိုင်၏အနောက်ဘက်တွင်ထင်းနှင့်အာလူးကြက်သွန်များကို
သိုလှောင်ထားသောဂိုဒေါင်လေးတစ်လုံးရှိ၏။ထိုဂိုဒေါင်လေး
ရှေ့မှောင်ရိပ်ကျနေသောနေရာလေး၌အိပ်စက်နေသောလူငယ်
လေးတစ်ဦးရှိ၏။ထိုလူငယ်လေးမှာမိဘမဲ့တစ်ကောင်ကြွက်
ဖြစ်၍တစ်မြို့လုံးကအခိုင်းခံဘဝဖြင့်နေရပြီးသူ့ကိုအများက
မိုးမြေဟုခေါ်ကြ၏။





သူသည်တစ်ခါတစ်ရံတွင်စားသောက်ဆိုင်အနီးသို့တိုးကပ်၍စားသောက်နေသူများကိုပြတင်းပေါက်မှ
ချောင်းမြောင်းကြည့်ဖူး၏။ဆိုင်သို့ရောက်လာသူအားလုံးပျော်ရွှင်မြူးတူးပြီးမိမိဘဝနှင့်ကွာခြားလှ၏။
မိုးမြေသည်အိပ်လို့မရသည့်အခါတိုင်းကျားသုံးကောင်ဆိုင်ကြီးကိုကြည့်၍အတွေးနယ်ချဲ့နေတတ်၏။
ယနေ့ညလည်းအိပ်မရသဖြင့်ဆိုင်ကြီးသို့ငေးမောရင်းတွေးတောနေ၏။




ထိုအခိုက်မှာပင်စားသောက်ဆိုင်ကြီး၏ အနောက်ဘက်ရှိတံခါးပွင့်သွားပြီးပိန်လိုလို လူကြီးတစ်ဦးသည်မိုးမြေရှိရာသို့လျှောက်လှမ်းလာ၏ ။၎င်းမှာစားသောက်ဆိုင်ကြီး တွင်အလုပ်လုပ်နေသောဦးသော်ကောင်းဆိုသူဖြစ်၏ ။အဘိုးကြီးသည်မိုးမြေကိုသနား ဂရုဏာသက်ပြီး...
မိုးမြေ မင်းအတွက် ကြာဇံကြော်နဲ့ ခေါက်ဆွဲကြော် ယူလာတယ်...
ဗိုက်ဆာနေ တာနဲ့ အတော်ပဲ ၊အခု လိုစေတနာထားပြီး ကျွေးမွေးတာကျေးဇူး တင်ပါတယ်...
ဆိုင်မှာပို လျှံတဲ့အစားအစာ တွေကိုလူလေး စားတော့လည်း အ ကျိုးမမဲ့ဘူးပေါ့...
ဟုပြောကာမှောင်ရိပ်ထဲမှကျားသုံးကောင် စားသောက်ဆိုင်ကြီးသို့ပြန်လည်ထွက်ခွာ သွားလေ၏ ။


လူလေးမင်းကို
တွေ့ချင်လို့စောင့်နေတာ
အတော်ပဲကျွန်ုပ်းသုံးကောင်
မှာသူ့ငွေးကျင်ဝှက်စိတ်ညစ်
ရမဲ့လူတစ်ယောက်ရောက်နေ
တယ်၊သူ့တစ်ကိုယ်လုံးဖြူဖတ်
ဖြူရော်ဖြစ်နေပြီးမနက်ဖြန်သေ
တော့မဲ့အမူအရာပေါက်နေပေ
မဲ့ဆေးဆရာခေါ်ဖို့မကြိုးစားဘူး
အတော်ခေါင်းမာတဲ့လူပဲကွ...
လူကြီးမှာ
သူ့ငွေးကျင်ဝှက်
ကိုပေးဖို့ပိုက်ဆံ
လုံလုံလောက်
လောက်ပါရဲ့လား
၅


အဲ့လူမှာ ငွေရေးကြေးရေးပြေလည်ပုံရတယ်၊သူ့ငွေကျင်ဝှက်ကို တစ်လစာကြိုပေးထားတယ်။ လူလေးသူ့ကိုစောင့်ရှောက်ပေးလိုက်ပါကွာကုသိုလ်ရပါတယ်ကွာ...
ကျုပ်ကူညီပါ့မယ်၊သူ့ဆီကိုအခုပဲသွားကြရအောင်
ထို့နောက်တွင်မှုမိုးမြေသည်အဘိုးကြီးဦးသော်ကောင်းနှင့်အတူကျားသုံးကောင်ဆိုင်ကြီးသို့လိုက်ခဲ့လေ၏။စားသောက်ဆိုင်အတွင်းရှိအခန်းငယ်လေးတွင်လွှန်စွာပိန်လှီနေပြီးအင်အားချိနဲ့နေသောလူကြီးတစ်ဦးကိုတွေ့ရလေ၏။ဦးသော်ကောင်းကမိုးမြေကိုလက်ညှိုးထိုးပြ၍...
ခင်ဗျားကိုပြုစုဖို့သူ့ကိုခေါ်ထားလိုက်ပါ


မလိုပါဘူး
ကျုပ်မှာဘယ်သူမှ
ရှိဖို့မလိုပါဘူး၊ကျုပ်
တစ်ယောက်တည်း
နေချင်တယ်...
ဦးလေးကျုပ်
ကိုယုံပါ၊ကျုပ်ကတစ်မြို့လုံး
ကလူတွေကိုစေတနာထား
တယ်။သူတို့မှာအခက်အခဲဖြစ်
ရင်ကူညီပေးတယ်။သူတို့စိတ်
ချမ်းသာရင်ကျုပ်စိတ်ကျေနပ်
တယ်။ဦးလေးနေမကောင်းတာ
ကူညီပါရစေ...


ကောင်းပြီ
မင်းကိုငါ့အနားမှာခေါ်
ထားမယ်။အခကြေးငွေ
ဘယ်လောက်ပေးရ
မလဲ
တစ်ပြားမှ
ပေးစရာမလိုပါဘူးဗျာ
ဦးလေးနေမကောင်းတာ
ကိုကူညီပြီးကျုပ်ကကုသိလ်
လိုချင်တယ်။ကျုပ်ကိုပေးချင်
ရင်ကုသိုလ်ပဲပေးပါ...
ကုသိုလ်ပဲ...
ပေးပါဟုတ်လား။မင်းရဲ့စိတ်ကို
တော့ကြိုက်သွားပြီ။ကိုင်းမင်းငါ့
အခန်းထဲမှာအိပ်ပေတော့မင်းကို
တစ်ခုကြိုပြောထားမယ်။ငါ့အကြောင်း
ကိုဘယ်တော့မှမမေးနဲ့။ဆေးကုဖို့လဲမ
တိုက်တွန်းနဲ့ငါ့ရောဂါကိုငါ့ဘာသာကု
နိုင်တယ်။နောက်ပြီးငါ့ရောဂါဟာကျွမ်း
နေပြီ။သိကြားမင်းကုရင်တောင်ပျောက်
မှာမဟုတ်ဘူး...
၈


ကောင်းပြီ ဦးလေးပြောတဲ့အတိုင်း လိုက်နာပါ့မယ်။တကယ် တော့ဦးလေးစိတ်ချမ်းသာ ဖို့သာအရေးကြီးပါ တယ်...
မိုးမြေသည်ထိုနေ့မှစ၍ခွကျသောလူကြီးအားပြုစု ရင်းစောင့်ရှောက်ရ၏။လူကြီးသည်လွန်စွာအားနည်း ပြီးတစ်ကိုယ်လုံးသွေးမရှိသကဲ့သို့ဆွတ်ဆွတ်ဖြူနေပြီး မကြာခဏချောင်းဆိုးတက်ပြီးချောင်းဆိုးတိုင်းသွေးပါ လာတက်၏။
ဦးလေး ရောဂါအခြေအနေဆိုးနေ ပြီ။ဆေးဆရာတစ်ယောက် နဲ့ပြပါလား...
မင်းရဲ့စေတနာ ကိုငါနားလည်တယ်။ငါခေါင်း မာနေတာမဟုတ်ဘူး။ငါကဆေး ဆရာတစ်ယောက်ကွ။ငါ့ရဲ့ဝေဒနာ ငါသိတယ်။ဘယ်လိုမှဆေးကုလို့ မရတော့ဘူး...


ဦးလေးရောဂါ ကဘာရောဂါမို့လို့ လဲ...
ငါ့ရောဂါက အဆိပ်မိတဲ့ရောဂါကွ ရောဂါကဖြေဆေးမရှိဘူး အဆိပ်ကိုဖြေချင်ရင်နှင်း ဖုံးတောင်ကပန်းတစ်ပွင့် ကိုစားရတယ်။ဖြေဆေးလို ချင်ရင်ပန်းကိုရမှဖြစ်မယ်
ဦးလေး ကိုဘယ်သူကအဆိပ် ခပ်တာလဲ၊အဲ့လူကို ပုလိပ်ကအရေးမယူ ဘူးလား...
ဟော့ကောင် မင်းငါ့ကိုဘာဖြစ်လို့ မေးခွန်းတွေထုတ်တာ လဲ၊မင်းစည်းကမ်းကို ဖောက်ချင်တာလား


စိတ်မရှိပါနဲ့ဦးလေးရယ်ကျုပ်မှားသွားတယ်။ဦးလေးစကားကိုစိတ်ဝင်စားသွားလို့သတိလွတ်သွားတယ်။နောက်ဆိုဦးလေးမကြိုက်တာမပြောတော့ပါဘူး...
လူကြီးသည်ထိုညကမိုးမြေနှင့်စကားမပြောတော့တာဘဲအိပ်မောကျသွား၏ ။မိုးမြေသည်လူကြီးဆီမှအခကြေးငွေမရရှိသော်လည်းဆွေမျိုးရင်းချာကဲ့သို့သဘောထားကာပြုစုပေး၏ ။လူကြီးသည်အားအင်ချည့်နဲ့သော်လည်းမိုးမြေအားအော်ဟစ်ကြိမ်းမောင်း၏ ။
ဘာလို့ဒေါသကြီးနေတာလဲဦးလေးကသေလူလို့သဘောထားရင်ဘာဝကူးကောင်းအောင်တရားလေးဘာလေးရွတ်ပါလား...
ငါကသေခါနီးဘုရားကြိုက်အောင်လုပ်မပြချင်ဘူးငါ့ထိုက်နဲ့ငါ့ကံငရဲပဲရောက်ပါစေ။ပျော်ပျော်ကြီးသွားမယ်...


ထိုလူကြီး၏အခြေအနေသည်ပို၍ဆိုးလာ၏။လူကြီးသည်အစားအသောက်ပင်မဝင်တော့ဘဲသွေးများမကြာခဏအန်ချ၏။မိုးမြေသည်လူ့ခွစာကြီးကိုပြုစုစောင့်ရှောက်ပြီးခုနစ်ရက်မြောက်သောနေ့တွင်၎င်းက...
ငါ့ရဲ့နောက်ဆုံးအချိန်ကိုရောက်နေပြီ။မင်းကိုစောင့်ကြည့်နေတာကြာပြီ။မင်းမှာအရွယ်နဲ့မလိုက်အောင်စိတ်သဘောထားကောင်းတယ်။ဒါကြောင့်ငါတာဝန်တစ်ခုပေးချင်တယ်။မင်းယူလိုက်ပါ။မင်းဘဝဟာအဓိပ္ပာယ်ရှိသွားမယ်...


ဘဝမှာအဓိပ္ပာယ်ရှိတယ်ဆိုတာဘာလဲ။ကျုပ်ဟာဘဝတစ်လျှောက်လုံးစားဝတ်နေရေးအတွက်ပဲရုန်းကန်ခဲ့ရလို့အဓိပ္ပာယ်ရှိတဲ့အလုပ်ကိုမလုပ်ဖူးဘူး။ကျုပ်လူတွေအပေါ်စေတနာထားတယ်။သူတစ်ပါးစိတ်ချမ်းသာအောင်ကြိုးစားတယ်...
မင်းစိတ်ဟာမဆိုးပါဘူး။မင်းကိုငါ့ရဲ့နောက်ကြောင်းရာဇဝင်ပြောပြမယ်။ငါဟာမြန်မာပြည်အထက်ပိုင်းမြင်းခြံမြို့မှာဆေးဆရာကြီးဦးသက်ရှည်ဆိုပြီးသတင်းကြီးခဲ့တယ်။တစ်ညတော့လူစိမ်းတစ်ယောက်လာပြီးမူးလဲသွားတယ်။ငါလည်းခေါ်ပြီးဆေးကုပေးခဲ့တယ်။ငါသူ့လွယ်အိတ်ကိုဖွင့်ကြည့်တော့မြန်မာဘုရင်တွေကိုင်ဆောင်ခဲ့တဲ့သန်လျက်ကိုတွေ့ခဲ့တယ်...



သန်လျက်မှာပါတဲ့ရေးဆန်တဲ့မြန်မာအရေးအသားကိုဖတ်ကြည့်တော့ပုဂံမင်းကိုင်ဆောင်ခဲ့တဲ့သန်လျက်ဖြစ်ကြောင်းသိရတယ်။ဘယ်မှာအသုံးချမလဲလို့မေးလိုက်တော့သူတို့ရဲ့ယုတ်မာပက်စက်တဲ့အကြံအစည်ကိုနားလည်သွားတယ်။လူနာဟာရေးဟောင်းပစ္စည်းတွေကိုအမဲလိုက်သလိုလိုက်လံရှာဖွေနေတဲ့စကြာဂိုဏ်းအဖွဲ့ဝင်တစ်ယောက်ပဲ
ငါရဲ့လူနာဟာစကြာဂိုဏ်းထဲကသန်လျက်ကိုခိုးယူပြီးမျက်နှာဖြူအရာရှိတစ်ယောက်ကိုရောင်းမလို့ပဲ။မြန်မာဘုရင်ရဲ့သန်လျက်ဟာမြန်မာပြည်မှာပဲရှိသင့်တယ်။ဒါကြောင့်ငါ့အသက်နဲ့ရင်းပြီးကာကွယ်ဖို့ဆုံးဖြတ်လိုက်တယ်။အဲ့အချိန်ကစပြီးမြန်မာပြည်အနှံ့ပြေးနေရတာပဲ။မြို့တစ်မြို့ကိုရောက်တော့ငါကံဆိုးချင်တော့စကြာဂိုဏ်းသားတွေရောင်းတဲ့ထမင်းဆိုင်ကိုမှဝင်ပြီးစားသောက်မိတယ်...


စကြာဂိုဏ်းသားတွေဟာငါ့ကိုလုပ်ကြံချင်တဲ့ရည်ရွယ်ချက်နဲ့ဟင်းချိုထဲမှာအဆိပ်ခတ်ပြီးသတ်ဖို့ကြံခဲ့တယ်။ငါဟာဆေးဆရာတစ်ယောက်ဆိုတော့ရိပ်မိပြီးအကုန်မသောက်ဘဲနောက်ဖေးပေါက်ကထွက်ပြေးခဲ့တယ်...
ငါဟာငါ... တက်ကျွမ်းတဲ့ဆေးပညာနဲ့ကုသဖို့ကြိုးစားပေမဲ့၊စကြာဂိုဏ်းရဲ့အဆိပ်ဟာဖြေဆေးမရှိတဲ့အတွက်သေမဲ့နေ့ကိုစောင့်ခဲ့ရတယ်။ငါမင်းကိုမှာချင်တာကတော့ပုဂံမင်းရဲ့သန့်လျက်ကိုတိုင်းခြားကိုမရောက်အောင်မင်းဆက်ပြီးတာဝန်ယူပါ။ငါကတော့တမလွန်ဘဝကိုသွားရတော့မှာပဲ...
စိတ်ချပါ ဦးလေးကျုပ်အစွမ်းကုန်ကြိုးစားပါ့မယ်။သန့်လျက်ကိုယုံကြည်စိတ်ချရတဲ့လူရဲ့လက်ထဲကိုမရောက်မီကျုပ်မရရအောင်ကာကွယ်မယ်ကျုပ်သတိပေးတယ်...


ထို့နောက်တစ်ဖြေးဖြေးအားနည်းဖျော့လာပြီး
မိုးမြေအားခုတင်အောက်ရှိကတ္တီပါအိတ်ထဲမှ
သန်လျက်ကိုထုတ်၍အပ်လေ၏။
ထိုညလူ့ခွစာကြီးသည်ကုတင်ပေါ်တွင်အိပ်စက်လျက်
သတိပြန်လည်မလာတော့ချေ။မိုးမြေသည်နံနက်အာရုဏ်
တက်ချိန်တွင်လူ့ခွစာကြီးသေဆုံးကြောင်းသိလိုက်ရလေ၏
ထို့ကြောင့်လူကြီး၏အကြောင်းတရုတ်သူဌေးကျင်ဝှက်အား
အကြောင်းမကြားမီသန်လျက်ကိုကတ္တီပါအိတ်ထဲထည့်၍
၎င်းအိပ်စက်ရာဂိုဓောင်လေးရှေ့သို့ရောက်သောအခါ
ထင်းစည်းများအကြားတွင်ဖွတ်ထားလိုက်လေ၏။
ထို့နောက်စားသောက်ဆိုင်သို့ပြန်ကာလူကြီး
သေဆုံးကြောင်းသတင်းပို့လိုက်၏။


တောက်
ငါ့ဆိုင်တော့
နာမည်ပျက်
ပါပြီ…
ဒီမှာလူကြီး
သေဆုံးတဲ့အကြောင်းကို
ခင်ဗျားတို့နှစ်ယောက်ပဲသိတယ်။
ဘယ်သူမှမသိဘူး။အလောင်းကို
လူမသိသူမသိခိုးဝှက်ယူသွားပြီး။
မြို့ပြင်ကသင်္ချိုင်းမှာ
သွားပစ်လိုက်ကြ
ထို့နောက်တွင်မှုအဘိုးကြီးနှင့်မိုးမြေသည်ဆိုင်အနောက်
ဘက်ရှိလှည်းတစ်စီးကိုယူဆောင်လာကာလူကြီး၏အလောင်း
ကိုလှည်းပေါ်သို့စောင်ဖြင့်ပတ်၍တင်လိုက်၏။အလောင်း၏
ကိုယ်ပေါ်သို့ထင်းစည်းများကိုတင်ကာမြို့ပြင်သင်္ချိုင်းသို့ရောက်ခဲ့၏။
လူကြီး၏အလောင်းနှင့်ပက်သတ်သောကိစ္စအဝဝကို
တရုတ်သူဌေးကျင်ဝှက်အားတာဝန်ယူမည်ဖြစ်ကြောင်း
ပြောလိုက်သောအခါသူဘရာဇာသည်ကောင်းမွန်စွာ
မြှုပ်နှံပေးလေ၏။



မိုးမြေသည်သန် လျက်ရောက်သည့်နေ့မှ စ၍အိပ်ကောင်းခြင်းမအိပ်ရ။စားကောင်းခြင်းမစားရ။နေ့လည်အလုပ်လုပ်နေသည့်အခါတိုင်းသန်လျက်ထံသို့စိတ်ကရောက်နေ၏။
တစ်နေ့မိုးမြေအလုပ်စောစောသိမ်းပြီးပြန်လာသောအခါဆိုင်အလုပ်သမားများသည်ထင်းပုံကြီးကိုအောက်သို့ချနေကြောင်းတွေ့ရ၏။မိုးမြေသည်ထင်းပုံကြားတွင်သန်လျက်ကိုဖွက်ထားသဖြင့်ခေါင်းနပန်းကြီးသွားပြီးဂိုဒေါင်လေးအနီးသို့ကမန်းကတန်းပြေးသွားလေ၏။


ထမင်းချက်
လူကြီးကဟိုဘက်နားက
ထင်းစည်းတွေကိုသယ်ဖို့
မှာလိုက်တယ်...
ထိုအခိုက်မှာပင်အလုပ်သမား
တစ်ဦးကထင်းပုံအနားကပ်လာ
ပြီး...
ဒါဆိုထင်းစည်း
တွေကိုကျုပ်မပေးမယ်
ခင်ဗျားတို့ဆိုင်ထဲကို
သွားပို့တော့...
ဟုပြောကာထင်းပုံရှေ့တွင်ရပ်၍အလုပ်သမားအားထင်းစည်း
သုံးစည်းစီပေးပြီးနောက်ဆုံးသယ်ရန်အတွက်မြေပေါ်၌
ထင်းစည်းနှစ်စည်းသာကျန်ခဲ့၏။အလုပ်သမားကမိုးမြ၏
ကြောင်အမ်းအမ်းဖြစ်နေသောအမူအရာကိုကြည့်၍...
ဟေ့ကောင်
ထင်းစည်းပေးလေကွာ
ဘာကြောင်ကြည့်နေတာ
လဲ...
ဆိုင်ကို
အဲ့အစည်းလေးသယ်
သွားပေးကျန်တဲ့အစည်း
ကျုပ်သယ်ခဲ့မယ်...


ပေးစမ်းပါကွာ မင်းဘာသာအသာနေ စမ်းပါ။ငါတို့ဘာသာငါ တို့သယ်သွားမယ်...
သွားစမ်းပါကွာ ကျားသုံးကောင်ရောက် ရင်စားစရာလေးဘာလေး နည်းနည်းပါးပါးတောင်း မလို့ဗျ...
မင်း အတော်လည် တဲ့ကောင်ပဲ...
မိုးမြေသည်ထိုအခါမှပင်သက်ပြင်းချလိုက် ပြီးထင်းစည်းအောက်မှကတ္တီပါအိတ်ကိုက မန်းကတန်းထုတ်လိုက်ပြီးဂိုထောင်ထဲရှိကြက် သွန်အိတ်အောက်တွင်ဖွတ်ထားလိုက်လေ၏။





တစ်နေ့သ၌ကျားသုံးကောင်စားသောက်ဆိုင်တစ်ခုလုံးတုန်လှုပ်ချောက်ချားသောသတင်းတစ်ရပ်၌ကြားရ၏။ထိုသတင်းမှာတရုတ်သူဌေးကျင်ဝှက်မါးထိုးခံရ၍သေဆုံးကြောင်းဖြစ်၏။တရုတ်သူဌေးကျင်ဝှက်ကိုမါးဖြင့်ထိုးသူမှာစားသောက်ဆိုင်၏သန့်ရှင်းရေးလုပ်သူမဝင်းဆိုသူဖြစ်၏။တရုတ်သူဌေးကျင်ဝှက်သည်မဝေးကိုအခန်းသန့်ရှင်းခိုင်းရင်မတော်မတရားပြုကျင့်ရန်ကြံစည်သည်ဟုဆို၏။နောက်ဆုံးမလွတ်မြောက်သည့်အဆုံးသူဌေးကျင်ဝှက်ကိုပန်းသီးလှီးသောမါးဖြင့်ထိုးလိုက်သည်ဟုဆို၏။




ထို့နောက်လူယုံအဘိုးကြီးသည်ကျင်ဝှက်သေဆုံးပြီး နောက်နေ့မှာပင်မိုးမြေကိုစားသောက်ဆိုင်သို့ခေါ် ဆောင်ခဲ့၏။မိုးမြေသည်စားသောက်ဆိုင်သို့ရောက် သောအခါမြို့မိမြို့ဖများကိုတွေ့ရသဖြင့်အံ့သြသွားလေ၏။
ကျုပ်ကို ဘာခိုင်းမလို့ လဲ...
မိုးမြေမင်းကို ခေါ်တာခိုင်းဖို့မဟုတ်ဘူး။ မင်းအတွက်အလွန်ဝမ်းသာ စရာကောင်းတဲ့သတင်းပြော ပြမလို့တရုတ်သူဌေးကျင်ဝှက် ကသူ့ရဲ့စည်းစိမ်တစ်ဝက်ကို မင်းကိုခွဲပေးမယ်လို့မှာခဲ့တယ် ကွ...
ဗျာ တစ်ဝက်ခွဲပေးမယ် ဟုတ်လား။သူနဲ့ကျုပ် ကဆွေမျိုးတော်တာ လဲမဟုတ်ပါဘူး။ကျုပ်မ လိုချင်ပါဘူး


တကယ်တော့ ကံကြမ္မာကထူးဆန်းပါတယ်။ မင်းနဲ့သူ့ဇွေးကျင်ဝှက်ကသူစိမ်းတွေမဟုတ်ပါဘူး။အားလုံးဟာကျင်ဝှက်ရဲ့အပြစ်တွေပါကွာ။သူမသေမီသူ့အပြစ်တွေအားလုံးဝန်ခံသွားတယ်။လွန်ခဲ့တဲ့နှစ်နှစ်ဆယ်လောက်ကသူဟာမြို့မှာစီးပွားရှာဖို့ရောက်လာခဲ့တယ်...
အဲဒီတုန်းက ကျင်ဝှက်ဟာမြို့ခံမိန်းကလေးတစ်ယောက်နဲ့ရင်းနှီးကျွမ်းဝင်ခဲ့တယ်။ကျင်ဝှက်ဟာခေါက်ဆွဲဆိုင်မှာမိန်းမချောလေးကိုဌားရမ်းခဲ့တယ်။နောက်တော့အလိုမတူဘဲအနိုင်ကျင့်စော်ကားခဲ့တယ်။မိန်းမချောလေးဟာကျင်ဝှက်ကိုစိတ်နာပြီးမြို့ကထွက်သွားခဲ့တယ်။နောက်တစ်နှစ်လောက်အကြာမှာမြို့ပေါ်ကလူတွေဟာဘုရားဇရပ်မှာတစ်နှစ်သားအရွယ်ရှိတဲ့မင်းကိုတွေ့ရတာပဲ...


မြို့ပေါ်က လူတွေဟာကလေးပိုင်ရှင်ဘယ်သူလဲဆိုတာမရိပ်မိခဲ့ဘူး။ကလေးနဲ့ပတ်သက်ပြီးအကြောင်းစုံသိတဲ့လူဟာကျင်ဝှက်ပဲမိန်းမချောလေးဟာသူနဲ့ရတဲ့ကလေးကိုမြို့ပြင်ကဇရပ်မှာစွန့်ပစ်သွားကြောင်းအကြောင်းကြားခဲ့တယ်။ကျင်ဝှက်ဟာကလေးရဲ့မိခင်ကတောင်စွန့်ပစ်ခဲ့တာပဲဆိုပြီးကိုယ့်ရင်သွေးကိုလျစ်လျူရှုခဲ့တယ်...
မိုးမြေသည်လူယုံတော်ကြီး၏စကားကိုနားထောင်၍ရင်ထဲတွင်နာကျင်လာ၏။အပြစ်ကင်းစင်သောကလေးငယ်ကိုစွန့်ပစ်သောမိဘနှစ်ပါးကိုလည်းနားမလည်အောင်ဖြစ်ခဲ့၏။
ဒီလိုနဲ့မင်းဟာ ဘုရားလူကြီးတွေရဲ့အုပ်ထိန်းမှုအောက်မှာကြီးပြင်းခဲ့ရပါတယ်...


ကျုပ်အမွေတွေ
ကိုမလိုချင်ပါဘူး။ကျုပ်လုပ်အား
နဲ့ရတဲ့ငွေကိုတန်ဖိုးထားတယ်။လုပ်
အားမပါဘဲရတဲ့ငွေကိုမလိုချင်ဘူး။
ကျုပ်မှာအချောင်သမားစိတ်မရှိဘူး။
ဦးကျင်ဝှက်ရဲ့အမွေကိုလက်မခံပါရ
စေနဲ့၊နေပါဦး။ကျုပ်ကိုစွန့်ပစ်သွားတဲ့
အမေဆိုတဲ့အမျိုးသမီးက
ဘယ်မှာလဲ...
လုလေးအမေ
ဘယ်သူလဲဆိုတာကိုသူ
မပြောသွားဘူး။သူဟာလု
လေးအမေအကြောင်းကို
လျှို့ဝှက်ထားချင်ပုံရတယ်
ဖြိုးမိဖြိုးဖများသည်မိုးမြေကို
အထူးအဆန်းသတ္တဝါတစ်ဦး
သဖွယ်ကြည့်ရှုရင်းကျန်ခဲ့၏။


နောက်ဆုံးတွင်မိုးမြေသည်မြို့မှထွက်ပြေးရန် ဆုံးဖြတ်လိုက်၏။မိုးမြေသည်မြို့မှထွက်ပြေးရန် ဂိုထောင်လေးရှိခေါင်းမိုးထဲတွင်ဖွက်ထားသော ကတ္တီပါအိတ်ကိုပြန်လည်ယူခဲ့၏
သူသည်ဘူတာရုံသို့သွားကာရထားကြုံဖြင့် မြို့နှင့်ဝေးရာထွက်ခဲ့၏။မြို့တစ်မြို့သို့ရောက် သောအခါရထားကိုရပ်နားလေ၏။မိုးမြေသည် ကုန်တွဲပေါ်မှစီး၍ဘူတာရုံအနီးတဝိုက်သို့ လှည့်လည်ကြည့်ရှုရင်းဘူတာရုံအနီးရှိဆိုင်လေး တစ်ဆိုင်သို့ဝင်ကာအကြော်စားလေ၏။အကြော် စားရင်းမိန်းမကြီးသုံးယောက်၏စကားဝိုင်းကိုနား စွင့်နေမိ၏။


ထိုမိန်းမကြီးများ၏စကားဝိုင်းသည်လွန်စွာစိတ်ဝင်စားဖွယ်ကောင်းလှ၏။ရွှေများကိုမြင်မကောင်းအောင်ဝတ်ဆင်ထားသောမိန်းမကြီးတစ်ယောက်က
ဟုတ်တယ် အခုဆိုရင်ဦးဘောဂတို့အိမ်မှာမြို့လူတွေစုရုံးစုရုံးရောက်နေကြပြီ။သူတို့တွေအားလုံးစည်းစိမ်ဥစ္စာတွေကိုမြို့ပေါ်ကလူတွေထဲကတစ်ယောက်ကိုခွဲပေးမယ်တဲ့...
အခုဆိုရင် မြို့ကလူတွေအားလုံးဦးသုခတို့ညီအစ်ကိုတွေဆီရောက်နေကြပြီ သေခါနီးဘာအရူးထလဲ မသိဘူး...


မိုးမြေသည်မိန်းမကြီးသုံးယောက်၏စကားကို နားထောင်၍ဦးဘောဂနှင့်ညီအစ်ကိုများအကြောင်း ကိုစိတ်ဝင်စားသွား၏။ထို့ကြောင့်မိန်းမကြီးများရှိရာ သို့သွား၍ဦးဘောဂတို့ရှိရာသို့မေးမြန်းလေ၏။
ဒီမှာ ကောင်လေးမင်းလည်း လောဘဖြစ်သွားပြီမဟုတ် လား။ဒါဆိုရင်အမြန်ဆုံး သွားပေတော့...
မိုးမြေသည်စကားမတုံ့ပြန်တော့ဘဲမြို့စွန်ရှိ ဦးဘောဂတို့နေထိုင်ရာအိမ်ကြီးသို့ထွက်ခဲ့လေ၏။ မိုးမြေသည်ခြံတံခါးကိုတွန်း၍အတွင်းသို့ဝင်သွား သောအခါခြံထဲတွင်လူငယ်များစွာကိုတွေ့ရလေ၏။ လူငယ်များသည်မိုးမြေကိုမြင်သောအခါ မလိုလားဟန်ဖြင့်ဝိုင်းဝန်ကြည့်ကြ၏။


ကျွန်းအိမ်မည်းကြီး၏တံခါးဝသို့ရောက်သောအခါညှော်ခန်းထဲတွင် ကျွန်းခုတင်ကြီးသုံးလုံးကိုချ၍လဲလျောင်းနေသောလူကြီးသုံးဦးတွင် တွေ့ရ၏။လူငယ်များအနက်ခွန်အားဗလသန်မာဟန်ရှိသောလူငယ် တစ်ဦးက...
ဟေ့ကောင် နောက်မှလာပြီးရှေ့တက်လို့မရဘူး။နောက်ကနေ တန်းစီရမယ်...
ကျုပ်အခရောင် သမားမဟုတ်ဘူး။ကျုပ် ဒီကိုလာတာအမွေပစ္စည်း တွေကိုမက်လို့မဟုတ်ဘူး ဦးလေးတို့ရဲ့အစီအစဉ်ကိုစိတ် ဝင်စားလို့ရောက်လာတာ တကယ်တော့မြို့ကလူတွေ အားလုံးဟာလိုဇောနဲ့ပြုစုနေ ကြတာ...



နံဘေးရှိလူငယ်များသည်မိုးမြေကို မကျေမနပ်ကြည့်၍ထိုင်ရာမှထပြီး
ဟေ့ကောင်မင်း စကားတွေရင့်သီးလှချည်လား မြို့ကလူတွေကိုအသားလွှတ်စော်ကားနေပါလား။ငါတို့အားလုံးစေတနာနဲ့ဦးလေးတို့တောထွက်ခါနီးလာပြီးပြုစုပေးနေတာအမွေပစ္စည်းတွေကိုဘယ်သူ့မှ စိတ်မဝင်စားဘူး
ဟား...ဟား နားရှိလို့သာကြားရတယ် ဟောကလူကြီးတွေသာအမွေတွေခွဲမပေးဘူးလို့ကြေငြာလိုက်ရင်မင်းတို့အားလုံးကြက်ပျောက်ငှက်ပျောက်သွားကြမှာပဲ...